**Network for Democracy and Development**
**Documentation and Research Department**

P.O Box 179, Mae Sod, Tak, 63110, Thailand. Phone: +66 85-733 4303.
E-mail: ndddrd07@csloxinfo.com; ndddrd07@gmail.com

# Weekly Political Events Regarding the SPDC's Election (002/2010)

# နအဖရွေးကောက်ပွဲနှင့် စပ်လျဉ်းသည့်တစ်ပတ်အတွင်း နိုင်ငံရေးအဖြစ်အပျက်များ (၀၀၂/၂၀၁၀)

၂၀၁၀ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်နေ့မှ ဖေဖော်ဝါရီလ ၆ ရက်နေ့အထိ

## နအဖနှင့် ၎င်းလက်ကိုင်တုတ်အဖွဲ့အစည်းများ

- ရွေးကောက်ပွဲကျင်းပမည့် နေ့ရက်ကို မသတ်မှတ်သေးသော်လည်း စစ်အုပ်စုကို ထောက်ခံသူများကမူ စည်းရုံးရေး လုပ်ငန်းများကို အင်တိုက်အားတိုက် လုပ်ကိုင်လျက်ရှိသည်။ **(Mizzima 020210)** Read More...
- ရွေးကောက်ပွဲ ကျင်းပမည်ဟု နိုင်ငံတကာနှင့် တိုင်းပြည်အား ကြေညာထားသော်လည်း လက်တွေ့တွင် တပ်တွင်းက စိတ်မဝင်စားကြောင်း ပြောသည်။ **(Yoma3 030210)** Read More...
- စစ်အစိုးရက ၂၀၁၀ ရွေးကောက်ပွဲ အောင်နိုင်ရေးအတွက် နိုင်ငံခြားမှ အတိုင်ပင်ခံ အခါပေး နက္ခတ္တဝေဒ ပညာရှင်များကို မြန်မာနိုင်ငံသို့ ခေါ်ယူထားကြောင်း ဝေဒပညာရှင်များ အသိုင်းအဝိုင်းက ပြောသည်။ **(Irrawaddy 040210)** Read More...
- ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်များတွင် ကြံ့ဖွံ့အဖွဲ့က လမ်းပြင်ခြင်းများနှင့် ပျော်ပွဲရွှင်ပွဲများကို လိုက်လံလုပ်ဆောင်ကာ စည်းရုံးရေးလုပ်ငန်းများ လုပ်ဆောင်နေသည်။ **(Yoma3 040210)** Read More...
- ၂၀၀၈ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲအခမ်းအနားကို ၂၀၁၀ ခုနှစ် (၆) ရက်ညပိုင်းတွင် နေပြည်တော်၌ ကျင်းပပြုလုပ်ရာ နအဖ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက ၂၀၁၀ ခုနှစ်အတွင်း ရွေးကောက်ပွဲများ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားသွားသည်။ **(Myanmaralin 060210)** Read More…

## အတိုက်အခံအဖွဲ့အစည်းများ

### (က) ပြည်တွင်းအင်အားစုများ

- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါတီထိပ်တန်းခေါင်းဆောင်များကို အောင်ခြေပါတီဝင်ထုနှင့် တွေ့ဆုံရန်ဖိတ်ကြားသွားကာ ပါတီအင်အားကို ချဲ့ထွင်သွားမည်ဟု မကွေးတိုင်း ရေနံချောင်းမြို့နယ် ခေါင်းဆောင်များက ဆုံးဖြတ်လိုက်သည်။ **(DVB 020201)** Read More...
- ဗိုလ်ချုပ်အောင်ဆန်း၏ အကြီးဆုံးသား အမေရိကန်နိုင်ငံနေ ဦးအောင်ဆန်းဦးနှင့် ဇနီးဒေါ်လဲ့လဲ့နွယ်သိန်းတို့အား သပိတ်မှောက်ကံဆောင်၍ ဗုဒ္ဓဘာသာဝင်အဖြစ်မှထုတ်ပယ်လိုက်ကြောင်း မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာ့တပ်ပေါင်းစု အဖွဲ့ ကြီးက ယနေ့ကြေညာချက်ထုတ်ပြန်လိုက်သည်။ **(NEJ 020210)** Read More...

- အကျဉ်းကျနေသည့် ကိုမင်းကိုနိုင်နှင့် ကျောင်းသားခေါင်းဆောင်များက ၎င်းတို့အနေဖြင့် ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်ပါက လွတ်ပေးမည်ဟု အာဏာပိုင်များ၏ကမ်းလှမ်းချက်ကို လက်မခံခဲ့ကြောင်း သတင်းထွက်ပေါ်နေသည်။ **(BBC 030210)** [Read More...]
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုဥပဒေအထောက်အကူပြုအဖွဲ့က လက်ရှိမြန်မာနိုင်ငံတွင် ကျင့်သုံးနေသည့် တရားစီရင်ရေးအပေါ် သုံးသပ်သည့်ဆွေးနွေးပွဲတစ်ရပ် အဖွဲ့ချုပ်ရုံးတွင်ပြုလုပ်ခဲ့သည်။ **(DVB 030210)** [Read More...]
- မွန္တလေးတိုင်းအတွင်းရှိ မြို့နယ်များတွင် အဖွဲ့ချုပ်အမျိုးသမီးလုပ်ငန်းအဖွဲ့များ ဖွဲ့စည်းနေရာ ဇန်နဝါရီလ ၃၁ ရက်နေ့က အရှေ့မြောက်မြို့နယ် အမျိုးသမီးအဖွဲ့ကို ဖွဲ့စည်းပေးနိုင်ခဲ့ကြောင်း တိုင်းအဖွဲ့ချုပ် အမျိုးသမီးလုပ်ငန်းအဖွဲ့ တာဝန်ခံ ဒေါ်သန်းသန်းအေးက ပြောသည်။ **(DVB 030210)** [Read More...]
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **(NLD)** ဒု-ဥက္ကဋ္ဌ ဦးတင်ဦးအား လာမည့်သီတင်းအပတ်တွင် လွတ်ရက်စေ့ပြီဖြစ်သဖြင့် လွတ်ပေးသင့်ကြောင်း **NLD** ပြောခွင့်ရပုဂ္ဂိုလ် ဦးဉာဏ်ဝင်းက ပြောသည်။ **(NEJ 040210)** [Read More...]

## (ခ) ပြည်ပအင်အားစုများ

- မလေးရှားအခြေစိုက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) မှ မြန်မာအလုပ်သမားများကို ၂၀၁၀ ရွေးကောက်ပွဲအကြောင်းနှင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအကြောင်း ရှင်းလင်းပွဲများ စတင်ပြုလုပ်နေပြီ ဖြစ်သည်။ **(IMNA 040210)** [Read More...]
- နယ်ခြားစောင့်တပ် အသွင်ပြောင်းရေးကို လက်မခံနိုင်ကြောင်း ယနေ့ကျရောက်သည့် ၄၉ နှစ်မြောက် ကချင်တော်လှန်ရေးနေ့တွင် အိန္ဒိယရောက် ကချင်တိုင်းရင်းသားများက ပြောဆိုလိုက်သည်။ **(Mizzima 050210)** [Read More...]

## အခြားအင်အားစုများ

- ၂၀၁၀ ရွေးကောက်ပွဲ စည်းရုံးရေးခရီးစဉ်အတွင်း ကြည့်မြင်တိုင်မြို့နယ်အတွင်း ပြည်ထောင်စု မြန်မာနိုင်ငံအမျိုးသားနိုင်ငံရေးအဖွဲ့ချုပ် အဖွဲ့ဝင်များရိုက်နှက်ခံခဲ့ရမှုအပေါ် ၎င်းအမှုကို ဆက်လက်မယှဉ်ပြိုင်လိုတော့သဖြင့် အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ဘက်က ကျေအေးလိုက်သည်။ **(DVB 020210)** [Read More...]

## အပစ်ရပ်အဖွဲ့အစည်းများ

## (က) နယ်ခြားစောင့်တပ်အသွင် မပြောင်းလဲရသေးသည့်အဖွဲ့များ

- နယ်ခြားစောင့်တပ် အသွင်ပြောင်းရေးကို လက်မခံသည့်နောက်ပိုင်း နအဖစစ်အစိုးရနှင့် တင်းမာမှုပိုများလာခဲ့ကာ ရရှိထားသည့် ငြိမ်းချမ်းရေးကို ထိန်းသိမ်းသွားရန် နအဖစစ်အစိုးရ၌ တာဝန်ရှိကြောင်း မွန်ပြည်သစ်ပါတီက ပြောကြားလိုက်သည်။ **(NEJ 010210)** [Read More...]
- နယ်ခြားစောင့်တပ် ဖွဲ့စည်းရေးကိစ္စသည် စစ်မှန်သည့် ပြည်ထောင်စုမူဝါဒနှင့် ကွဲလွဲနေကြောင်း စစ်အစိုးရနှင့် အပစ်ရပ်စဲရေး ယူထားသည့် မွန်ပြည်သစ်ပါတီ **(NMSP)** က ပြောကြားလိုက်သည်။ **(RFA 010210)** [Read More...]
- မိုင်းလားတပ်ဖွဲ့ အတွင်းရေးမှူး ဦးမင်းအိမ်လုပ်ကြံသတ်ဖြတ်ခံရပြီးနောက်ပိုင်း အပစ်ရပ်တပ်ဖွဲ့ခေါင်းဆောင်များ သဘောထားကွဲလွဲမှုဖြစ်စေမည့်ကိစ္စရပ်များ အထူးရှောင်ရှား၍ ရင်းနှီးမှုပိုမိုရရှိလာကြောင်း အပစ်ရပ်သျှမ်းပြည်တပ်မတော်က ပြောသည်။ **(S.H.A.N 030210)** [Read More...]
- အပစ်ရပ်အဖွဲ့များထဲမှ အဖွဲ့တစ်ဖွဲ့ဖြစ်သော ကယန်းပြည်သစ်ပါတီ **(KNLP)** သည် မြန်မာစစ်အစိုးရ ဖိအားပေးနေသော နယ်ခြားစောင့်တပ်အသွင်ကူးပြောင်းရေးကို လက်မခံသဖြင့် ၎င်းတို့ထိန်းချုပ်ရာ နယ်မြေဒေသများတွင် နအဖစစ်တပ်အင်အားများ တိုးချဲ့မှုပိုမိုများပြားလာသည်။ **(Kantarawaddy Times 050210)** [Read More...]

- မိုင်းလားအပစ်ရပ် **NDAA-ESS** အထွေထွေအတွင်းရေးမှူး ဦးမင်းအိမ် လုပ်ကြံသတ်ဖြတ်ခံရသည့် ဇန်နဝါရီလ ၂၇ ရက်နေ့တွင် မိုင်းလားသို့ ဝမ်းနည်းကြေကွဲခြင်းသွားရောက်ပြောကြားပြီး နောက်တစ်ရက် ကျိုင်းတုံစစ်တိုင်းရုံး အစည်းဝေး၌ ရွှေတြိဂံတိုင်းမှူးဗိုလ်ချုပ်ကျော်ဖြိုးက "အပစ်ရပ်အဖွဲ့များ စီးပွားအာဏာလုပ်ရင်းအချင်းချင်း သတ်ဖြတ်အဆုံးသတ်ခြင်းကို ထိုင်ကြည့်ရုံ" ဟု ပြောကြားခဲ့သည်။ **(S.H.A.N 040210)** **Read More...**
- တွေ့ဆုံဆွေးနွေးရေးကသာ ပြဿနာဖြေရှင်းနိုင်ပြီး တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်မရသေး၍ နယ်ခြားစောင့်တပ် လက်မခံနိုင်ကြောင်း ယနေ့ကျရောက်သည့် (၄၉) နှစ်မြောက် ကချင်ပြည်လွတ်လပ်ရေးအဖွဲ့ **(KIO)** တော်လှန်ရေးနေ့ သဝဏ်လွှာတွင် ဖော်ပြထားသည်။ **(NEJ 050210)** **Read More...**

## နိုင်ငံတကာဆောင်ရွက်မှုများ

### (က) အစိုးရများ

- မြန်မာစစ်အစိုးရက ၂၀၁၀ ရွေးကောက်ပွဲကို ကျင်းပမည်ဟု ပြောဆိုနေသော်လည်း ရွေးကောက်ပွဲနှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို ယခုချိန်ထိ မထုတ်ပြန်သေးသည့်အတွက် နိုင်ငံတကာ အသိုင်းအဝိုင်းက စိုးရိမ်နေကြသည်။ **(VOA 030210)** **Read More...**
- မြန်မာနိုင်ငံတွင် ဒုတိယနှစ်ဝက်ပိုင်းအတွင်း ရွေးကောက်ပွဲကျင်းပနိုင်၍ ရွေးကောက်ပွဲကာလတွင် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အား လွှတ်ပေးနိုင်ကြောင်း ထိုင်းနိုင်ငံခြားရေးဝန်ကြီး ကဆစ်ဖိရုန်က ယခုလ (၂)ရက်နေ့က ပြောကြားလိုက်ကြောင်း **AFP** သတင်းတွင် ဖော်ပြထားသည်။ **(NEJ 030210)** **Read More...**
- ကုလသမဂ္ဂ၏ မြန်မာပြည်ဆိုင်ရာ လူ့အခွင့်အရေး အထူးကိုယ်စားလှယ် မစ္စတာ **(Tomas Ojea Quintana** က ရွေးကောက်ပွဲမတိုင်မီ နိုင်ငံရေးအကျဉ်းသားများ လွှတ်ပေးရန် နအဖစစ်အစိုးရကို တိုက်တွန်းတောင်းဆိုလိုက်သည်။ **(VOA 040210)** **Read More...**
- မြန်မာနိုင်ငံတွင် ယခုနှစ်အတွင်း နအဖစစ်အစိုးရမှ ကျင်းပမည်ဟုဆိုသည့် ရွေးကောက်ပွဲတွင် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် ဝင်ရောက်ရွေးကောက်ခံခွင့်မရှိပါက ၎င်းရွေးကောက်ပွဲသည် လုပ်ဇာတ်ကြီးဖြစ်လိမ့်မည်ဟု ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီး **Alberto Romulo** က ပြောကြားလိုက်သည်။ **(VOA 060210)** **Read More...**

---

***End of report/ Saturday, February 06, 2010***
ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု၊ သုတေသနနှင့် မှတ်တမ်းတင်ဌာနမှ ထုတ်ဝေဖြန့်ချိသည်။
***Documentation and Research Department (NDD)***

---